# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 14, 2019 Volume 17, Number 10


**၁၄.၃.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၀၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၄၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၈/ကျပ် |
| CBM Rate | = ၁၅၂၉.၁/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၁.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၈.၉ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၃၄.၈ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၆၉.၁ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၈၀.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၇.၆၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၈၆ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၄.၈၄ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၄.၀၅ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၂၀၆ကျပ် |

Source: CBM Rate. etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ချင်းပြည်နယ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုလာရန် နှစ်ရှည်မြေငှားရမ်းခွင့် အထူးအခွင့်အရေးပေးမည်ဟုဆို



နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမရှိသည့် ချင်းပြည်နယ်ကို အခြားတိုင်း၊ ပြည်နယ် များထက် နှစ်ရှည်မြေငှားရမ်းခွင့် အထူးအခွင့်အရေး ပေးနိုင်ကြောင်း မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှု ကော်မရှင်က သတင်းထုတ်ပြန်သည်။

ချင်းပြည်နယ်တွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတစ်ခုသာရှိပြီး နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှု မဝင်လာခြင်းကြောင့် အခွန်ကင်းလွတ်ခွင့်ကို ခုနစ်နှစ်အစား ၁၀ နှစ်အထိ တိုးမြှင့်ပေးရန် ချင်းပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းက တောင်းဆိုခြင်းဖြစ်သည်။

ထိုတောင်းဆိုမှုအပေါ် ဒုတိယသမ္မတဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကော်မရှင်၏ဖြေကြားမှုကို တစ်ဆင့်အကြောင်း ပြန်ကြားခြင်းဖြစ်သည်။

ချင်းပြည်နယ်ကို အခွန်ကင်းလွတ်ခွင့် ၁၀ နှစ်အစား မြေအသုံးပြုခွင့် ကာလကို နှစ် ၇၀ အထိ ခွင့်ပြုရန် ဥပဒေက ခွင့်ပြုထားသည်ဟု ဆိုသည်။ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ စီးပွားရေးတိုးတက်မှုနည်းပါးပြီး ဆက်သွယ်သွားလာရေး ခက်ခဲသော ဒေသများတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်ဟု ဆိုထားသည်။

ချင်းပြည်နယ်က လမ်းဆက်သွယ်ရေး ခက်ခဲတော့နှစ်ရှည်လုပ်နိုင်လို့ အခွန် ကင်းလွတ်တိုးတဲ့အစား နှစ်ရှည်မြေငှားနိုင်အောင် ပေးတာဖြစ်ကြောင်း ချင်းပြည် နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်က ပြောသည်။

ထို့အပြင် ချင်းပြည်နယ်အတွင်း ရေအားလျှပ်စစ် မဂ္ဂါဝပ် ၁,၅၀၀ အထိ ထုတ်လုပ်နိုင်သည် ဆိုထားပြီး အစိုးရ အနေဖြင့် တစ်ယူနစ်ကို ကျပ် ၁၂၀ နှုန်းဖြင့် ဝယ်ယူနိုင်ပါက လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံနိုင်မည်ဟု လုပ်ငန်းရှင်များက တောင်းဆိုသည်။ ထိုတောင်းဆိုမှုကို ချင်းပြည်နယ်အစိုး ရအဖွဲ့က လက်ရှိတွင် တစ်ယူနစ် ၅၂ ကျပ်ဖြင့် ဝယ်ယူနေရပြီး ဈေးပိုပေး၍ ဝယ်ယူနိုင်ရန်

ပြည်ထောင်စုဝန်ကြီးဌာနသို့တင်ပြမည်ဟုဆိုသည်။ ထို့အပြင် လုပ်ငန်းရှင်များက ချင်းပြည်နယ် ဟားခါးမြို့နယ်၊ ဘုံဖုံနှင့် တီးတိန်မြို့နယ်၊ ခိုင်ကမ်းမြို့နယ်တွင် စက်မှုဇုန် ထူထောင်ပေးရန် တောင်းဆိုခဲ့သည်။ ချင်းပြည်နယ်အစိုးရက ပလက်ဝမြို့နယ်တွင် မြေဧက ၅ဝ ဦ စက်မှုဇုန် ထူထောင်ရန် မြေသတ်မှတ်ထားသော်လည်း အကောင်အထည် ဖော်နိုင်ခြင်းမရှိသေးကြောင်းဆိုသည်။ အဆိုပါနေရာနစ်ခုသည် မြေအနေအထားနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် နိုင်ခြင်းကြောင့် စက်မှုဇုန်ထောင်နိုင်ရန် ရွေးချယ်ထားသည်ဟု ဝန်ကြီးဦးစိုးထက်ကပြောသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံအတွင်းရှိနယ်မြေများကို ဖွံ့ဖြိုးမှုအပေါ် မူတည်၍ ဇုန်သုံးခု ခွဲခြားထားပြီး အခွန် ကင်းလွတ်ခွင့် သုံးနှစ်၊ ငါးနှစ်နှင့် ခုနစ်နှစ်စီ ပေးထားသည်။

**Source:** http://www.7daydaily.com/story/152094

## တရုတ်နိုင်ငံသို့ ကျွဲ၊ နွား တရားဝင်တင်ပို့ရေး ဝန်ကြီးဌာနများ ညှိနှိုင်းနေ

တရုတ်နိုင်ငံသို့ ကျွဲ၊ နွား တရားဝင်တင်ပို့ရောင်းချရေး သက်ဆိုင်ရာဝန်ကြီးဌာနများ ညှိနှိုင်းဆောင်ရွက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။ ယူနန်ပြည်နယ် အစိုးရ၏ မှောင်ခိုတိုက်ဖျက်မှုစစ်ဆင်ရေးကြောင့် ကျွဲ၊ နွားများ တရုတ်နိုင်ငံသို့ရောင်းချနိုင်ခြင်းမရှိဘဲ မူဆယ်တွင် ကောင်ရေသိန်းချီကျန်ရှိနေကြောင်း ကုန်သည်အချို့က ပြောသည်။

တစ်ရက်လျှင် ကန်ဒေါ်လာ ကိုးသန်းဖိုးခန့် ကျွဲ၊ နွားနှင့် သိုး၊ ဆိတ် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသော်လည်း ဖေဖော်ဝါရီလဆန်းကစတင်ပြီး မှောင်ခို စစ်ဆင်ရေးကြောင့်တင်ပို့နိုင်ခြင်း မရှိပေ။ တရုတ်နိုင်ငံတွင် ကျွဲ၊ နွား လိုအပ်ချက် ရှိပြီး တရားဝင်ကောင်ရေသိန်းချီဝယ်ယူရန် ကမ်းလှမ်းမှုများရှိသော်လည်း တရားဝင်တင်ပို့ရောင်းချနိုင်ရေး ရောဂါ ကင်းရှင်းကြောင်းထောက်ခံချက်အပါအဝင် အခြားဆောင်ရွက်စရာများကို ဝန်ကြီးဌာနများက လုပ်ဆောင်နေကြောင်း ဦးခင်မောင်လွင်ကပြောသည်။

ယူနန်အစိုးရ၏စစ်ဆင်ရေးကြောင့် ကျွဲ၊ နွား တိရစ္ဆာန်များအပါအဝင် ဆန်၊ ပြောင်းဖူးစေ့စသော လယ်ယာထွက်ကုန် များကို ဖေဖော်ဝါရီလလယ်ကစတင်ပြီး တရုတ်သို့တင်ပို့နိုင်ခြင်းမရှိကြောင်း မူဆယ်မှကုန်သည်အချို့ကပြောသည်။ ၂ဝ၁၈ အောက်တိုဘာ ၁ ရက်မှ ၂ဝ၁၉ မတ်လ ၁ ရက် အထိ မြန်မာနိုင်ငံမှ တရုတ်သို့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်ဖိုး တင်ပို့နိုင်ခဲ့သည်။

လက်ရှိမူဆယ်၌ ကျွဲ၊ နွား အရောင်းအဝယ် ရပ်တန့်နေသည်မှာ တစ်လခန့်ရှိလာသည့်အတွက် ကျွဲ၊ နွားအကောင်ရေ ၆,ဝဝဝ မှ ၁ဝ,ဝဝဝ ကြားထိ မူဆယ်တွင် သောင်တင်နေပြီး နေ့စဉ် ကျွေးမွေးထိန်းသိမ်းစရိတ် ကျပ် ၅ သိန်းခန့် ကုန်ကျနေကြောင်း ကျွဲနွားကုန်သည်များကဆိုသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ကျွဲနွားတင်ပို့ရာတွင် တရုတ်ဝယ်လက်မရှိသည့်အတွက် ကုန်သည်များအခက်အခဲ ဖြစ်နေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျွဲ၊ နွား မွေးမြူတင်ပို့ရောင်းချသူများအသင်းကသိရသည်။ တရုတ်နိုင်ငံမှ ဝယ်ယူမှုရပ်ဆိုင်းထားခြင်းကြောင့် မူဆယ်ကုန်သွယ်ရေးဇုန်တွင် သောင်တင်နေသည့် ကျွဲ၊ နွားများကို လက်ရှိ ပေါက် ဈေး၏ တစ်ဝက်ခန့်ဈေးဖြင့်ရရှိပါက ဝယ်ယူသွားမည်ဟု တရုတ်ကုန်သည်များမှ ကမ်းလှမ်းလာကြောင်း မန္တလေးတိုင်း ဒေသကြီး ကျွဲ၊ နွားတင်ပို့သူများအသင်းဥက္ကဋ္ဌ ဦးစိုးနိုင်ကပြောသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီ နောက်ဆုံးပတ်မှ စတင်ကာ တရုတ်ဘက်အခြမ်းတွင် အဖမ်းအဆီးများနေသဖြင့် မူဆယ်၌ ကျွဲ၊ နွား အရောင်းအဝယ် ရပ်ဆိုင်းနေသော်လည်း၊ တရုတ်ကုန်သည်များမှ ကျွဲ၊ နွားများ၏ မူရင်းပေါက်ဈေး ကျပ်သိန်း ၂ဝ ကျော်အစား ကျပ် ၁ဝ သိန်းခန့်ဖြင့် ရရှိမည်ဆိုပါက အဖမ်းအဆီးများ ရှိနေသော်လည်း ဝယ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားလာကြောင်းသိရသည်။

Source: http://www.7daydaily.com/story/152096

## ကျောက်မျက်နဲ့လက်ဝတ်ရတနာကို ပို့ကုန်သစ်အဖြစ် ပို့ကုန်မဟာဗျူ ဟာမှာထည့်သွင်း

လာမယ့် ၂ဝ၂ဝ ကနေ စတင်မယ့် ငါးနှစ်တာ အမျိုးသားပို့ကုန်မဟာဗျူ မှာ ကျောက်မျက်နဲ့ လက်ဝတ်ရတနာ အပါအဝင် ပို့ကုန်လေးမျိုးကို အသစ်ထည့်သွင်းလိုက်တယ်လို့ ဒုတိယသမ္မတ ဦးမြင့်ဆွေကပြောလိုက်ပါတယ်။ အရင်က ပို့ကုန် ၁၁ မျိုးသာရှိခဲ့ရာကနေ ကျောက်မျက်နဲ့ လက်ဝတ်ရတနာ ၊ လယ်ယာထုတ်ကုန်ပစ္စည်းတွေနဲ့ လက်မှု ပညာ ပစ္စည်းတွေကိုပါ ထပ်မံထည့်သွင်းလိုက်တာပါ။

မြန်မာနိုင်ငံရဲ့ပို့ကုန်ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကိုတော့ စီမံနေတယ်လို့ ဒုတိယသမ္မတဦးမြင့်ဆွေက ဒီကနေ့မှာ

ကျင်းပ တဲ့ Digital Economy Seminar ပွဲမှာပြောခဲ့ပါတယ်။ အမျိုးသားပို့ကုန်မဟာဗျူဟာကို ၂၀၁၅ ကနေ ငါးနှစ်တာအတွက် ဂျာမဏီနိုင်ငံရဲ့အကူအညီနဲ့ရေးဆွဲခဲ့တာဖြစ်ပြီး ထပ်မံမွမ်းမံကာ ၂၀၂၀-၂၀၂၅ အထိ ငါးနှစ်တာ မဟာဗျူဟာကို ရေးဆွဲ ထားတာပါ။ မြန်မာနိုင်ငံရဲ့ အမျိုးသားပို့ကုန်မဟာဗျူဟာခရီးသွားလုပ်ငန်းလည်းပါဝင်နေပြီး လက်ရှိမှာတော့ ခရီးသွား လုပ်ငန်းမြှင့်တင်နိုင်ဖို့ တနင်္သာရီတိုင်းမှာ အကောင်အထည်ဖော်နေတယ်လို့သိရပါတယ်။

**Source:** http://www.7daydaily.com/story/152096

## ပေါင်မြို့နယ်ထွက် ဒူးရင်းသီးများ ဈေးကောင်းရ

မွန်ပြည်နယ် ပေါင်မြို့နယ်ထွက် ဒူးရင်းသီးတစ်လုံးလျှင် ကျပ် ၇,၀၀၀ မှ ၁၀,၀၀၀ ကျော်အထိ ဈေးကောင်း ရရှိကြောင်း ပေါင်မြို့ရှိ ဒူးရင်းသီး ရောင်းချသူများကပြောသည်။ ဒူးရင်းသီးစပေါ်ချိန်ဖြစ်သဖြင့် ပွဲရုံများနှင့် ဘုရားဖူးဧည့်သည်များ ဝယ်ယူမှုများသဖြင့် ယခင်နှစ်ထက် ဈေးကောင်းပိုရကြောင်း၊ ဒူးရင်းသီးအသေးတစ်လုံးလျှင် ကျပ် ၇,၀၀၀ မှ အရွယ်အစားကြီးသည့် အလုံးများတွင် ကျပ် ၁၀,၀၀၀ ကျော်အထိ ဈေးကောင်းရရှိကြောင်း ပေါင်မြို့မှ



ဒူးရင်းသီးခြံပိုင်ရှင် ဦးမောင်ထူးကပြောသည်။ အခုဘုရားဖူး ရာသီလည်းဖြစ်တော့ ဘုရားဖူးသူတွေက ဝယ်တာများတယ်။ ဒီအချိန်က သိပ်မပူ သေးတော့ စားကောင်းတဲ့အချိန်။ ဒူးရင်းသီးပေါချိန်က တန်ခူးလပေါ့။ အဲဒီလက ရာသီဥတု အရမ်းပူတော့ ဈေးကျတယ်။ အဲဒီအချိန်ဆို ဒူးရင်းသီးက ပေါလည်းပေါ၊ ရာသီဥတုက ပူလည်းပူဆိုတော့ စားမကောင်း တော့ကြောင်း ပေါင်မြို့ ဒူးရင်းခြံမှ စိုက်ပျိုးသူ ဦးကောင်းက ပြောသည်။

မွန်ပြည်နယ်တွင် ရေးမြို့နယ်၊ ပေါင်မြို့နယ်၊ မုဒုံမြို့နယ်တို့၌ ဒူးရင်းသီးအများဆုံးထွက်ရှိနေပြီး ယခုလတွင် ပေါင်မြို့နယ်မှ စတင်ထွက်ရှိကြောင်း ဒူးရင်းသီးရောင်းဝယ်သူများကပြောသည်။ မွန်ပြည်နယ်မှ ထွက်ရှိသော ဒူးရင်းသီး များကို ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းသို့ အများဆုံးတင်ပို့နေကြောင်း ဒူးရင်းသီးရောင်းဝယ်သူ မကျော့စံကဆိုသည်။ ရန်ကုန်၊ မန္တလေးဘက်က ဒူးရင်းသီးရောင်းမယ့်သူတွေက ကြိုတင် မှာယူပြီး လူကိုယ်တိုင်လာဝယ်ကြတော့ ဈေးကောင်း ရရှိတဲ့ သဘောပါ။ အခုချိန်က ဒူးရင်းသီးပေါ်ဦးပေါ်ဖျားဆိုတော့ ဈေးကောင်းရတဲ့အချိန်လည်းဖြစ်ကြောင်း မကျော့စံက ပြောသည်။ ပြည်နယ်အတွင်းရှိ ဒူးရင်းသီးများကို ရန်ကုန်သို့ အများဆုံးတင်ပို့ပြီး မွန်ပြည်နယ်ရှိ မြို့နယ်များသို့လည်း ဖြန့်ဖြူးရောင်းချသည့်အပြင် ထိုင်းနယ်စပ်သို့လည်း တင်ပို့ ရောင်းချသည်။ မွန်ပြည်နယ်ထွက် ဒူးရင်းသီးများသည် တန်ခူး လဆန်းပိုင်းမှ ဝါဆိုလထိအများဆုံးထွက်ရှိသည်။

**Source: http://www.7daydaily.com/story/152070**

## သီးနှံအာမခံစနစ် အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနအချို့၏ အကူအညီရရေး အခက်ကြုံနေ

သီးနှံအာမခံစနစ်ကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်မှုရရှိရန် အခက်အခဲအချို့ ကြုံတွေ့နေရကြောင်း ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီမှ ဒါရိုက်တာဦးစိုးဝင်းသန့်ကပြောသည်။ အေးရှားဝေါလ်အုပ်စု ကုမ္ပဏီတစ်ခုဖြစ်သော ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီသည် စပါးတောင်သူလယ်သမားများကို သီးနှံအာမခံ ကနဦး စမ်းသပ်ရောင်းချရာတွင် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနများ၏ ပူးပေါင်း ဆောင်ရွက်မှုရရှိရေး အခက်အခဲများကြုံတွေ့ရသည်ဟုဆိုသည်။

တိုင်းနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့် သွားရောက်တွေ့ဆုံရာတွင် သက်ဆိုင်ရာဌာနများ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရန်ပြောသော်လည်း မိုးရေချိန်၊ အပူချိန်ကဲ့သို့ အချက်အလက်ဒေတာရယူရေးကိုပင် ခက်ခဲစွာ လုပ်ကိုင်နေရသည်ဟု ဦးစိုးဝင်းသန့်ကပြောသည်။ မိုးရေချိန်၊ အပူချိန်စာရင်းရဖို့ ပြည်ထောင်စုဝန်ကြီးအထိ စာတင် ရမယ်ဆိုရင် တင်လို့တော့ ရပါတယ်။ ဒါပေမဲ့ မဖြစ်သင့်ဘူးလို့ထင်ကြောင်းၤင်းကဆိုသည်။ ဂလိုဘယ်ဝေါလ် အာမခံ ကုမ္ပဏီသည် ၂၀၁၈ တွင် အထွက်နှုန်းကို အခြေခံသည့် သီးနှံအာမခံစနစ် ကနဦးစမ်းသပ်စီမံကိန်းကို ဟင်္သာတ၊

လပွတ္တာ၊ ကျောင်းကုန်း၊ ကန်ကြီးဒေါင့်၊ အမရပူရ၊ လှည်းကူးမြို့နယ်တို့တွင် စတင်ခဲ့သည်။

စုစုပေါင်း စပါးစိုက်ပျိုးသည့် ဧက ၃၀၀ ခန့်ကို တစ်ဧကလျှင် တစ်နှစ်ပရီမီယံကြေး ကျပ် ၅,၀၀၀ ဖြင့် အာမခံစနစ် စတင်ရောင်းချခဲ့သည်။ တစ်ဧက စပါးအထွက်နှုန်း တင်း ၅၀ အောက် လျော့နည်းမည်ဆိုပါက ကုမ္ပဏီက ကျပ်ငါးသိန်းနှုန်း ပေးလျော်မည်ဖြစ်သည်။ လျော်ကြေးငွေနှင့် ပရီမီယံနှုန်းထားက မြန်မာနိုင်ငံ၏ အခြေခံ ရည်ညွှန်း စပါးဈေးနှုန်း အပြောင်းအလဲပေါ်တွင်မူတည်နေသည်။ ပြီးခဲ့သည့်နှစ်က ရောင်းချခဲ့သည့် အာမခံအတွက် လက်ရှိအချိန် အထိ ကုမ္ပဏီမှ ပေးလျော်ရခြင်းမရှိသေးကြောင်း ဦးစိုးဝင်းသန့်က ပြာသည်။ လာမည့် မိုးရာသီတွင် သတ်မှတ် မိုးရေချိန်အောက် လျော့နည်းပြီးရရှိပါက လျော်ကြေးပေးမည့် ရာသီဉတုညွှန်းကိန်း အခြေပြုသီးနှံ အာမခံစမ်းသပ် စီမံကိန်းကို တိုင်းဒေသကြီးနှစ်ခု၌ စတင်အကောင်အထည်ဖော်မည်ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ကြေညာထားသည်။

သီးနှံအာမခံစနစ်ကို လယ်သမားတွေက လိုချင်ကြပါတယ်။ ဂယ်ဖို့လည်းစိတ်ဝင်စားကြောင်း ခနေမြို့မြို့နယ်မှ လယ်သမား ဦးသိန်းအောင်ကပြောသည်။ ရာသီဉတုဖောက်ပြန်မှုများ နှစ်စဉ်ကြုံတွေ့နေရပြီး လုပ်အား၊ ရင်းနှီးငွေကြေး ဆုံးရှုံး နေသော လယ်သမားများ အဆင်ပြေနိုင် မည့် သီးနှံအာမခံစနစ်ရှိလျှင် လယ်ယာကဏ္ဍအတွက် အထောက်အကူ ဖြစ်မည်ဟုရင်းကဆိုသည်။ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတွင် အာမခံစနစ်ကို စပါးသီးနံ တစ်ခုတည်း အပေါ်တွင် တစ်နှစ်ခန့် စမ်းသပ်ပြီး အကောင်အထည်ဖော်မည်ဖြစ်သည်။ မိုးခေါင်ခြင်းကြောင့် သီးနှံပျက်စီး ဆုံးရှုံးမှုများကြုံတွေ့ပါက လယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးဆပ်ရန် ခက်ခဲမှုများကို အဆိုပါ အာမခံ စနစ်က ကူညီပေးနိုင်မည်ဖြစ်သည်။

**Source:** http://www.7daydaily.com/story/152093

## အသုံးများချိန်ဖြစ်သဖြင့် စက်သုံးဆီဈေးတက်ခြင်းမဟုတ်ဘဲ ပြည်ပမှဝယ်ယူရသည့်ဈေးမြင့်တက်လာသဖြင့် ဈေးနှုန်းတက်လာခြင်းဟုဆို

ရက်ပိုင်းအတွင်း နေ့စဉ်မြင့်တက်လာသည့် စက်သုံးဆီဈေးနှုန်းများမှာ အသုံးပြုမှုများလာချိန်ကြောင့် ဈေးနှုန်း တက်လာခြင်းမဟုတ်ဘဲ စင်ကာပူနိုင်ငံမှဝယ်ယူရသည့်ဈေးနှုန်းမြင့်တက်လာခြင်းကြောင့်သာ ပြည်တွင်း၌ ပြောင်းလဲ မြင့်တက်လာခြင်းဖြစ်သည်ဟုသိရသည်။

အခုတက်လာတယ်ဆိုတာက ပြည်ပကတင်သွင်းရတဲ့ဈေးက အခုလ ၁ ရက်နေ့ကထက် မနေ့ကဈေးနှုန်းက မတူတော့ဘူးမြင့်နေပြီ။ ငွေလဲနှုန်းကလည်းလဆန်းကထက် ပိုတက်လာတယ်။ ဒါကြောင့်စက်သုံးဆီဈေးက လိုက်တက် လာတာပါ။ အသုံးများချိန်ဖြစ်လို့ ဈေးတက်တယ်ဆိုတာမျိုးမဟုတ်ကြောင်း မြန်မာ့ရေနံဓါတုလုပ်ငန်း MPPE မှ ညွှန်ကြားရေးမှူးဦးသိန်းထွေးကဆိုသည်။ စက်သုံးဆီဈေးနှုန်းများအနေဖြင့် တစ်လကျော်အတွင်း၌ တစ်လီတာလျှင် ကျပ်ငါးဆယ်ကျော်အထိမြင့်တက်ခဲ့ခြင်းဖြစ်သည်။

ပြည်တွင်း၌အသုံးပြုနေသည့်စက်သုံးဆီများ၏ (၉၅)ရာခိုင်နှုန်းခန့်ကို စင်ကာပူနိုင်ငံမှတင်သွင်းနေရခြင်းဖြစ်သော ကြောင့် စင်ကာပူနိုင်ငံ၏ဈေးနှုန်းအပြောင်းအလဲပေါ်မူတည်ပြီး ပြည်တွင်းဈေးကွက်၌လိုက်ပါပြောင်းလဲနေခြင်းဖြစ်သည်။ စင်ကာပိုင်ငံမှဝယ်ယူတင်သွင်းလာသည့်စက်သုံးဆီများကိုအကောက်ခွန်(၁.၅(ရာခိုင်နှုန်း၊အထူးကုန်စည်ခွန်(၅)ရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန်(၅)ရာခိုင်နှုန်းစသောအခွန်နှုန်းထားများထည့်ပေါင်းပြီးဈေးကွက်အတွင်းရောင်းချနေခြင်းဖြစ်သည်။

Source: http://www.amiamyanmar.com/detail.aspx?id=6911

# STOCK EXCHANGE (14.3.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 14th Mar. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,800 | 8,700 | 841 | 7,397,100 | 27,112,747 | 235,881 |
| MTSH | 00002 | 2,850 | +50 | +1.79% | 2,850 | 2,850 | 2,850 | 2,226 | 6,344,100 | 38,929,150 | 110,948 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 0 | 0 | 10,400,986 | 74,887 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 135 | 2,835,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,650 | 2,650 | 2,650 | 1,001 | 2,652,650 | 12,212,906 | 32,364 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.63 | +1.88 | +0.51% | 370.18 | 370.63 | 370.18 | 4,203 | 19,228,850 | 5 | 505,993 |


### Index chart




## Market Overview

As of 1:00 pm, 14th Mar. 2019

| MYANPIX | 370.63 ▲ 1.88 |
|---|---|
| Total Volume (shares) | 4,203 |
| Total Value (MMK) | 19 mil |
| Listed Company | 5 |
| Market Cap. (MMK) | 505,993 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 50 |